**ဝမ်းဘဲစာမြက်**

Scientific name - *Echinochloa colona* (L.) Link

Common name - Junglerice

Family - Poaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်သည်။ အများအားဖြင့် မြေ၌ကပ်ပေါက်ပြီး အောက်ခြေအဆစ်မှအမြစ်များထွက်သည်။ ပင်စည်သည်ပြားပြီး အောက်ခြေပိုင်းခရမ်းနီရောင်ရှိသည်။ အဆစ်နေရာ၌ ပို၍ကြီးသည်။ အရွက်သည် ရှည်မျောမျောလုံ့စွပ်ပုံရှိပြီး အမွေးကင်းမဲ့သည်။ တစ်ခါတစ်ရံ ရွက်ပြားပေါ်၌ ကန့်လန့်ဖြတ်ခရမ်းရောင်စင်းများ တွေ့ရသည်။ ပန်းခိုင်သည် အပေါ်သို့ထောင်မတ်နေပြီး အစိမ်းရောင် သို့မဟုတ် မရမ်းစေ့ရောင်ရှိသည်။ ရွက်လျှာမပါခြင်းနှင့် ထပ်ဆင့်ပန်းခိုင်လက်များသည် ပွင့်ကိုင်းများ၏ တစ်ဖက်တည်းတွင် လေးတန်းစီ၍ သိပ်သည်းစွာဖြစ်ပေါ်နေခြင်းသည် ထူးခြားချက်ဖြစ်သည်။ အစေ့အားဖြင့် အဓိကမျိုးပွားသော်လည်း အပင်ခြေတွားသွားအပိုင်းများနှင့် အဆစ်များမှလည်း မျိုးပွားနိုင်သည်။